Volume 3/Issue12/December/2010

(အသင်းတော်တွင်းကန့်သတ်ထုတ်ဝေသည်)

Enjoy free reading from B.C.F

# † Newsletter _ သတင်းလွှာ

## မြန်မာခရစ်ယာန်မိတ်သဟာယအသင်းတော်




## Merry Christmas!

By: Goodycat/Soe M.

*It is Christmas,*
*Everybody is happy.*

*Each will get and each will give,*
*But we forgot something.*

*Today is*
*When Jesus is born,*
*When the star above shines so brightly!*

*So remember,*
*Christmas is to celebrate his birth!*
*Merry Christmas!*

# ခရစ္စမတ်၏

## ချစ်ခြင်း၊ ဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်း နှင့် ဆက်ကပ်ပူဇော်ခြင်း၊

ယေရှုခရစ်တော် ဖွားမြင်တော်မူရာ ခရစ္စမတ် အချိန်ကာလသို့ ရောက်ရှိသည့်အခါခါတိုင်း ...၊ ***"ကောင်းကင်ဘဝဂ်ဝယ် ဘုရားသခင်သည် ဘုန်းကြီးတော်မူစေသတည်း။ မြေကြီးပေါ်၌လည်း ငြိမ်သက်ခြင်းရှိစေသတည်း။ လူတို့အား မေတ္တာကရုဏာ ရှိစေသတည်း"*** ဆိုသော ချီးမွမ်းထောမနာကျူးသံများ ကမ္ဘာအဝှမ်း လွှမ်းမိုးကာ ပဲ့တင်ထပ်လျက် ရှိခဲ့ပြီး ... ရှိနေဆဲ ... ရှိနေပါလိမ့်ဦးမည်။

ခေတ်ကာလ ပြောင်းလာသည်နှင့်အမျှ အခက်အခဲ၊ ပြဿနာများအပြင် အန္တရယ်တွေ တိုးပွားများပြား လာသော်ငြားလည်း ကျွန်ုပ်တို့အား အပြစ်မှ ရွေးနှုတ်ကယ်တင်သည့် အရှင်သခင် မွေးဖွားလာခြင်းသည် အတိုင်းထက်အလွန် ရွှင်လန်းဝမ်းမြောက်ရသည် မဟုတ်ပါလား။

ခရစ္စမတ်ဆိုသော ဝေါဟာရစကားလုံး၏ အဓိပ္ပါယ်နှင့် အချိန်ကာလ အရင်းအမြစ်ကို လိုက်၍ ဝိဝါဒတွေ၊ အယူအဆတွေ ကွဲပြားကာ အငြင်းပွားလျက် ရှိနေသည့်ကြားမှ၊ အဘယ်အရာကိုမျှ အလေးမထား ကယ်တင်ပိုင်ရှင် ယေရှုခရစ်တော်ကိုသာ စေ့စေ့မျှော်ကြည့်လျက် သခင်၏ ဖွားမြင်တော်မူသည့် အကြောင်းတရားနှင့် ပြုတော်မူသော ကျေးဇူးတရားကြောင့်သာ ကယ်တင်ခြင်းကို ထိုက်ထိုက်တန်တန် ခံစားရသဖြင့် အဘဘုရားသခင်၏ မေတ္တာတော်ကို သိမြင်ရပါ၏။ စိတ်နှလုံးရွှင်လန်း ဝမ်းမြောက်ရပါ၏။ ဝိညာဉ် ငြိမ်သက်ခြင်းလည်းရှိပါ၏။

### အစအဦး၌ ... ဘုရားသခင်၏မေတ္တာတော်၊

ထာဝရအရှင်ဘုရားသခင်သည် ကမ္ဘာဦးလူသား အာဒံနှင့်ဧဝကို လှည့်စားသောမြွေကို ခေါ်၍၊ "သင်သည် ဤအမှုကို ပြုသောကြောင့် သားယဉ်၊သားရဲ အပေါင်းတို့ထက် ကျိန်ခြင်းကိုခံရ၏။ သင်သည် ဝမ်းဖြင့်သွား၍ မြေမှုန့်ကို တသက်လုံးစားရမည်။ သင်နှင့် မိန်းမကိုရင်း၊ သင်၏ အမျိုးအနွယ်နှင့် မိန်းမ၏ အမျိုးအနွယ်ကိုရင်း ငါသည် ရန်ညှိုးဖွဲ့စေမည်။ သူသည် သင်၏ခေါင်းကို ကြိတ်လိမ့်မည်၊ သင်သည် သူ၏ ဖနောင့်ကို ကြိတ်လိမ့်မည်"ဟု ကမ္ဘာဦးကပင် ထိုအကြံအစည်တော်နှင့် အမိန့်တော်ရှိခဲ့သည်။

ခေတ်အဆက်ဆက်၌၊ ရှေးပရောဖက်များအားဖြင့် ဤအခြင်းအရာကို ရှေ့ပြေးနိမိတ် အမျိုးမျိုးဖြင့်ဖေါ်ပြခဲ့သည်။ ဘုရားသခင်၏ တစ်ပါးတည်းသော သားတော်သည် ယေရှုအမည်ဖြင့် လူ့ဇာတိကို ခံယူကာ၊ အပျိုကညာဝမ်းမှ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် အလိုတော်အတိုင်း ဖွားမြင်ပြီးပြည့်စုံလာ၍၊ ရွှင်လန်းဝမ်းမြောက်ခြင်းရှိ၏။

(ယော၃း၁၆) ဘုရားသခင်၏သားတော်ကို ယုံကြည်သောသူအပေါင်းတို့သည် ပျက်စီးခြင်းသို့ မရောက်၊ထာဝရအသက်ကို ရစေခြင်းငှါ၊ဘုရားသခင်သည် မိမိ၌တပါးတည်းသောသားတော်ကို စွန့်တော်မူသည်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏။

ဘုရားသခင်သည် လူသားအပေါင်းအား အပြစ်စီရင်ခြင်းငှါ၊ သားတော်ကို ဤလောကသို့ စေလွှတ်တော်မူသည် မဟုတ်။ သားတော်အားဖြင့် ကယ်တင်ခြင်းရ၍ ထာဝရအသက်ပေးရန် စေလွှတ်တော်မူ၏။ ဘုရားသခင်၏ မေတ္တာတော်သည် လောကီသားတို့အပေါ်ဝယ် ကြီးမြတ်လွန်းပါတကား။

... ... ... ... ... ... ...

**ရှေဦးစွာ ... အပျိုကညာမာရိ၏ ဝိညာဉ် ရွှင်လန်းခြင်း၊**

ဘုရားသခင်စေလွှတ်တော်မူသော ကောင်းကင်တမန်ဂါဗြေလသည် မာရိအမည်ရှိသော သတိုးသမီးကညာထံသို့ ရောက်လာ၍ ဤသို့ပြောဆို၏။

*"ကျေးဇူးတော်ကို ခံရသော မိန်းမ၊ သင့်အား မင်္ဂလာ ဖြစ်စေသတည်း။ ထာဝရဘုရားသည် သင်နှင့်အတူ ရှိတော်မူ၏။ သင်သည် မိန်းမတကာတို့ထက် မြတ်စွာသော မင်္ဂလာရှိသည်။"*

လောကကြီးမှာ၊ လူ့သတင်း၊ လူချင်းဆောင် ... ပန်းသတင်း၊ လေညှင်းဆောင် ဟူသော ဆိုရိုးစကားရှိပါသည်။အထူးသဖြင့် အမျိုးသမီးငယ်များအတွက် မကောင်းသောသတင်း၊အတင်းအဖျင်းဆိုလျှင် သတင်းစကား ဖြန့်ကြသည်။ ဖုန်းဖိကာ ကွယ်ဝှက်ထား၍လည်း မရနိုင်ပါ။

ယခုမှာမူကား၊ ကောင်းကင်တမန်သည် ကောင်းသတင်းနှင့် အမွှန်းတင်၍ ပြောဆိုနေသည်ကို အပျိုကညာမာရိ ကြားရသောအခါ၊ ကျေးဇူးတင်ကျေနပ်သော အပြုံးလေးဖြင့် ရွှင်လန်းဝမ်းသာပီတိ ဖြစ်ရသည်။ ထို့အပြင် ကောင်းကင်တမန်သည် ဆက်လက်၍ ...

*"သင်သည် ဘုရားသခင့်ရှေတော်၌ မျက်နှာရပြီ။*
*သင်သည် ပဋိသန္ဓေစွဲယူ၍ သားယောကျ်ားကို ဘွားမြင်လိမ့်မည်။*
*ထိုသားကို ယေရှုအမည်ဖြင့် မှည့်ရမည်။*
*ထိုသားသည်ကား၊ ကြီးမြတ်သောသူ ဖြစ်လိမ့်မည်။*
*အမြင့်ဆုံးသောဘုရား၏ သားတော်ဟုခေါ်ဝေါ်သမုတ်ခြင်းကိုခံရလိမ့်မည်။*
*သူ့အဘဒါဝိဒ်၏ ရာဇပလ္လင်ကို ဘုရားသခင်သည် သူ့အားပေးတော်မူမည်။*
*သူသည်လည်း ယာကုပ်အမျိုးအနွယ်ကို အစဉ်မပြတ် အုပ်စိုးလိမ့်မည်။*
*သူ၏နိုင်ငံသည်လည်း ဆုံးခြင်းမရှိရ။ "* ဟုကြေငြာပြောဆို၏။

မာရိသည် အပျိုကညာဖြစ်သောကြောင့် ထိုအံ့သြဘွယ်ရာသတင်း စကားကိုကြားရလျှင်၊ အစပိုင်း၌ စိတ်ရှုပ်ထွေးခြင်း၊ အားငယ်တုန်လှုပ်ခြင်း၊ ဝမ်းနည်းပူပန်ခြင်း၊ ခံစားရသော်လည်း နောက်ဆုံးတွင်မူ၊ ***"ငါ့စိတ်နှလုံးသည် ထာဝရဘုရားကို ချီးမွမ်း၏။ ငါ့ကို ကယ်တင်တော်မူသော အရှင်ဘုရားသခင်ကို အမှီပြု၍ ငါ့ဝိညာဉ်သည် ရွှင်လန်းခြင်းရှိ၏"*** ဟု ဝမ်းမြောက်ဝမ်းသာ ကြွေးကြော်ခဲ့သည်။

... ... ... ... ... ... ...

**ထို့နောက် ... သိုးထိန်းများ၏ ဝမ်းမြောက်ဖွယ်ရာ သတင်းစကား၊**

ဤကာလရေလပြည်မှာ သိုးထိန်းတို့သည် ညဉ့်အခါ တောအရပ်၌၊ မိမိတို့၏သိုးစုကို စောင့်နေကြစဉ်၊ ထာဝရဘုရား၏ ကောင်းကင်တမန်သည် သူတို့အနားမှာ ရုတ်တရက်ချက်ခြင်း ပေါ်လာ၍၊ ပတ်ဝန်းကျင်တခွင်၌၊ ထာဝရဘုရား၏ဘုန်းတော် ထွန်းတောက်သဖြင့်၊ သိုးထိန်းများတို့သည် အလွန်ကြောက်ရွံ့ကြ၏။ အရာရာကို သတိရှိစွာနှင့် အဆင်သင့်နေရသော သိုးထိန်းတို့သည် တခါမျှ မတွေ့မမြင်ဘူးသည့် အရှိန်အဝါနှင့် ထွန်းတောက်သော အရာများကို တွေ့မြင်ရသဖြင့် မော်၍ပင် မကြည့်ဝံ့လောက်အောင် ကြောက်ရွံ့ကြ၏။

ထိုစဉ်၊ ***"ကြောက်ရွံ့ခြင်းမရှိကြနှင့်။ လူအပေါင်းတို့အတွက် အလွန်ဝမ်းမြောက်ဝမ်းသာစရာ သိတင်းကို ငါသည် သင်တို့အား ကြားပြောရ၏။ ယနေ့တွင် ဒါဝိဒ်၏မြို့၌ သခင်ခရစ်တော်တည်းဟူသော ကယ်တင်သော အရှင်သည် သင်တို့ အဘို့အလို့ငှါ ဘွားမြင်ခြင်းကို ခံတော်မူပြီ။ သင်တို့သည် အဘယ်နိမိတ်ဖြင့် သိရမည်နည်းဟူမူကား၊ သူငယ်သည် အဝတ်နှင့်ပတ်ရစ်၍ နွားစားခွက်၌ သိပ်ထားလျက်ရှိ သည်ကို တွေ့ကြလိမ့်မည်"*** ဟုကောင်းကင်တမန် ဆိုပြီးလျှင်၊ ကောင်းကင် ဗိုလ်ခြေအများတို့သည် ချက်ခြင်း ထင်ရှား၍ ...၊

*"ကောင်းကင်ဘဝဂ်ဝယ် ဘုရားသခင်သည် ဘုန်းကြီးတော်မူ စေသတည်း။*
*မြေကြီးပေါ်၌လည်း ငြိမ်သက်ခြင်းရှိစေ သတည်း။*
*လူတို့အား မေတ္တာကရုဏာ ရှိစေသတည်း"* ဟု ဘုရားသခင်ကို ချီးမွမ်း၍ မြွက်ဆိုကြ၏။

ထိုသတင်းစကားသည် အထိန့်တလန့်နှင့်ကြောက်ရွံ့နေကြသော သိုးထိန်းတို့အတွက် ခွန်အားဖြစ်စေ၍ ရွှင်လန်းဝမ်းမြောက်ရသည် မဟုတ်ပါလား။

ဤသို့ရွှင်လန်းဝမ်းမြောက်သောစိတ်ဖြင့် သိုးထိန်းတို့သည် ဗက်လင်မြို့သို့ အလျင်အမြန်သွား၍ မာရိ၊ယောသပ်နှင့်အတူ နွားစားခွက်၌ သိပ်ထားလျက်ရှိသော သူငယ်တော် မေရှိယကိုတွေ့၍၊ ဖူးမျှော်ကြ၏။ သိုးထိန်းတို့သည်လည်း မိမိတို့ ကြားသမျှ၊ မြင်သမျှသော အကြောင်းအရာများတို့ကို ထောက်၍၊ ဘုရားသခင်ကို အံ့သြချီးမွမ်းလျက် ဝမ်းမြောက်ဖွယ်ရာ သတင်းစကားကို အနှံ့အပြား ပြောကြ၏။

ယေရှုခရစ်သည် အပြစ်ရှိသောသူတို့ကို ကယ်တင် ခြင်းငှါ၊ ဤလောကသို့ကြွလာတော်မူသည် ဟူသော စကားသည် သစ္စာစကားဖြစ်၏။ အကြွင်းမဲ့ခံယူအပ်သောစကား လည်းဖြစ်၏။

သင်အား အပြစ်နွံတွင်းမှကယ်တင်ရန် ယေရှုဖွားမြင်လာခြင်းသည် အကောင်းမြတ်ဆုံး သတင်းမဟုတ်ပါလား။ ဟုတ်မှန်ပါ၏ဟု သင်ဝန်ခံလျှင်၊ ထိုဝမ်းမြောက်ဖွယ်ရာသတင်းကို မကြော်ငြာဘဲ နေမည်လား။ ကောင်းသတင်း၊ အံ့ဘွယ်သတင်း၊ မှန်သောသတင်းကို အားရရွှင်လန်းစွာဖြင့် သက်သေခံပါ။

**တဖန် ... မာကုပညာရှိများ၏ ဆက်ကပ်ပူဇော်ခြင်း၊**

မေရှိယသခင်ယေရှု ဘွားမြင်တော်မူသည့်အကြောင်း အတိတ်နိမိတ်အရ၊ အရှေ့ပြည်၌ တွေ့မြင်ရသော ထွန်းတောက်ပသည့် အံ့ဘွယ်ကြယ်ကြီးကို ကြည့်၍၊ ထိုကြယ်ကြီးသည် သူငယ်တော်ရှိရာ အရပ် အပေါ်မှာ တည်နေ၏။ မာကုပညာရှိတို့သည် ထိုကြယ်ကို မြင်ပြန်သောအခါ အလွန်ဝမ်းမြောက်ဝမ်းသာစွာနှင့် အိမ်သို့ဝင်၍၊ မယ်တော်မာရိနှင့်တကွ သူငယ်တော်ကို တွေ့မြင်လျှင် ချက်ချင်းပင် ပြပ်ဝပ်ကိုးကွယ်၍၊ မိမိတို့၏ ဘဏ္ဍာဥစ္စာတို့ကို ဖွင့်ပြီး လောဗန်နှင့် မုရန်တည်းဟူသော နံ့သာမျိုးကိုငှင်း၊ ရွှေကိုငှင်း ဆက်ကပ်ပူဇော်ကြ၏။

ထွန်းလင်းကြယ် ... လမ်းပြကာ ... သူငယ်တော်ရှိရာ
ပညာရှိများ ... ဆိုက်ရောက်လာ ... ရွှင်လန်းဝမ်းမြောက်စွာ
မေရှိယသခင် ... ဖူးတွေ့မြင် ... ဆက်ကပ်ပူဇော်မည်အစဉ်။

**ထိုမှတဆင့် ... လောကသားများ၏ ငြိမ်သက်ခြင်း၊**

***လွန်ခဲ့သောနှစ်ပေါင်း ၂၀၀၀ကျော်က ဘွားမြင်သောသူငယ်တော်သည် ဘုရားသခင်၏ ဘိသိတ်တော်ခံရသောသူ ... မေရှိယ (ခရစ်တော်)၊ အပြစ်မှကယ်နှုတ်သောသူ ... ယေရှု၊ အကျွန်ုပ်တို့နှင့်အစဉ်အတူရှိတော်မူသောဘုရားသခင် ... မောနွေလ၊*** တည်းဟူသော အရှင်သခင်သည် အဘဘုရား၏ အကြံအစည်တော်နှင့် ဂတိတော်အတိုင်း လောကသားများအတွက် ထာဝရသက်သာခြင်း အကြောင်းကိုငှင်း၊ ကျေးဇူးတော်အားဖြင့် ကောင်းသောမြော်လင့်ခြင်း အကြောင်းကိုငှင်း၊ ပေးတော်မူသော ဘုရားသခင်၏ မေတ္တာတော်နှင့် ကျေးဇူးတော်သည် ထူးမြတ်ပါ၏။ ကောင်းမြတ်ပါ၏။ ကြွယ်ဝပြည့်စုံပါ၏။

အချိန်ကာလ ဘယ်လိုပင်ပြောင်းလဲပါလေစေ၊ ခရစ္စမတ်၏အဓိပ္ပါယ်နှင့် ဘုရားရှင်၏ပြုတော်မူသော ကျေးဇူးတော်ကို ဝန်ခံသောသူမည်ကား ငြိမ်သက်ခြင်း ရှိပါ၏။

အကယ်၍၊ သင်၌ ကြွယ်ဝပြည့်စုံခြင်း မရှိသေးပါမူ၊ ယနေ့ပင် ယေရှုခရစ်တော်အား သင်၏ နှလုံးသားမှာ ဘွားမြင်ကျိန်းဝပ်ရန် ဖိတ်ခေါ်၍ နေရာပေးလိုက်ပါ။ သခင်ဘုရားကို စိတ်ချယုံကြည်လျှင်၊ အမှန်ပင် ငြိမ်သက်ခြင်း ရရှိလိမ့်မည်။

ကျွန်ုပ်တို့သည် ယေရှုတည်းဟူသော ဘုရားသားတော်ရရှိသဖြင့် ချစ်ခြင်း၊ ဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်းနှင့် ကြွယ်ဝပြည့်စုံလျှက်ရှိသောကြောင့် အမြတ်ဆုံးကိုသာ ပူဇော်ဆက်ကြပါစို့။

အမှုတော်မြတ်၌–ရီရီအေး